၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄၇/၂၀၂၂ ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၄၄၅/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မဘိမ်းမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီး တာဝန်) ဦးပိုင်ဇေရဲသွေး (တ/၃၈၃၇) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၄၆/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မြောင်းမြမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ခိုင်သန္တာသိန်းမြင့် (တ/၃၂၈၇) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးကျော်ရဲသွင် (ဘ) ဦးမြင့်သန်း [နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/မဂတ (နိုင်) ၀၉၀၇၈၂] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

သာဌေး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၆/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်)

**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့၊ (၁၀) ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် (၁၀/၆၄) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၂၁) ဖြစ်ပါသည်။

သိန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၇/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်)

**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ လသာအောက်လမ်း၊ အမှတ် (၆၃) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၂၂) ဖြစ်ပါသည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၈/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့် (ဘဲကုန်းမီးပွိုင့်အနီး)၊ စကြာဒီပခြံတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** ၏ မှတ်ပုံတင်အမှတ်မှာ (၂၃) ဖြစ်ပါသည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ပညာလမ်း၊ အမှတ် (၁၀၁၀/ခ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ

၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၂၄) ဖြစ်ပါသည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၃၀/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

### ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ရွာမမြောက်ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ် (၇၃၁) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၂၅) ဖြစ်ပါသည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဗဟိုသန်းခေါင်စာရင်းကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်)

### သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီဖွဲ့စည်းခြင်း

၁။ ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက် သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

( ခ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

( ဂ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

( င ) ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထိုက် အဖွဲ့ဝင်
ကြည်း ၃၅၆၂၇
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

( စ ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဂီတအစည်းအရုံး

(ဆ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

( ဇ ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး

(ဈ) အမှုဆောင်အရာရှိချုပ် (CEO) အဖွဲ့ဝင်
Forever Group Co.,Ltd

(ည) ဥက္ကဋ္ဌ အဖွဲ့ဝင်
ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်

( ဋ ) ညွှန်ကြားရေးမှူး (အသံလွှင့်) အဖွဲ့ဝင်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

( ဌ ) ညွှန်ကြားရေးမှူး (ရုပ်မြင်) အဖွဲ့ဝင်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

( ဍ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

( ဎ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်သူ့အင်အားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(တ) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ထ) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ဒ ) လက်ထောက်ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
ပြည်သူ့အင်အားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ဓ ) လက်ထောက်ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( န ) အထွေထွေမန်နေဂျာ　　အတွင်းရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

( ပ ) ညွှန်ကြားရေးမှူး　　တွဲဖက်အတွင်းရေးမှူး
ပြည်သူ့အင်အားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**လုပ်ငန်းတာဝန်များ**

(က) ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ပြည်သူသို့ အသိပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းအား သတင်းအဖြစ် ထုတ်လွှင့်ခြင်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ခ ) ပြည်သူများတက်ကြွစွာပါဝင်လာစေရေးအတွက် အထောက်အကူဖြစ်စေမည့် ပြိုင်ပွဲများဖိတ်ခေါ်ကျင်းပရန်နှင့် အမှတ်တရပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဂ ) သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ လှုပ်ရှားဆောင်ရွက်မှုများအား သတင်းထုတ်လွှင့်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) သန်းခေါင်စာရင်းကောက်ယူရေးကိစ္စနှင့်ပတ်သက်၍ ဆိုရှယ်မီဒီယာများတွင် ထုတ်လွှင့်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

မြင့်ကြိုင်
ဥက္ကဋ္ဌ
ဗဟိုသန်းခေါင်စာရင်းကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး　　ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

( ခ ) အမြဲတမ်းအတွင်းဝန်　　ဒုတိယဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုသဘာဝဘေးအန္တရာယ်များကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးနိုင်မှုအခြေအနေများကို လေ့လာဆန်းစစ်ဖော်ထုတ်ထားရန်၊

(ခ) ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်နိုင်သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းနိုင်မှု အခြေအနေများကို လေ့လာဆန်းစစ်ဖော်ထုတ်ပြီး ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဂ) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာနေထိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်မကျရောက်မီ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် ကြိုတင်ကာကွယ်ဆောင်ရွက်မှုလုပ်ငန်းများအဖြစ် သဘာဝသစ်တောများ၊ ဒီရေတောများ ပြုစုထိန်းသိမ်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးနေသော သဘာဝတောများ၊ ဒီရေတောများ ပြန်လည်ပြုစုစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ၊ စိုက်ခင်းများ၊ ပျိုးဥယျာဉ်များ ပျက်စီးဆုံးရှုံးမှုစာရင်းပြုစု၍ ပြန်လည်ထိန်းသိမ်းပြုစုနိုင်ရေး၊ တည်ထောင်နိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(စ) နေ့စဉ် ထင်း၊ မီးသွေး သုံးစွဲမှုများကို လျှော့ချနိုင်ရေးအတွက် နည်းလမ်းရှာဖွေပြီး သစ်တောပြုန်းတီးမှု ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တော၊ သစ်ပင်များ လဲပြိုပျက်စီးခြင်းရှိပါက အမြန်ဆုံးထုတ်လုပ်ရေး အတွက် ဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောသယံဇာတဆုံးရှုံးမှုများကို ဒေသခံသစ်တောဝန်ထမ်းများ၊ သုတေသနအဖွဲ့၊ ကျွမ်းကျင်ပညာရှင်များပါဝင်သည့်အဖွဲ့ဖြင့် ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးစာရင်းပြုစုပြီး တွေ့ရှိချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

(ဈ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင် ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဋ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၃)

## ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ်
ဆေးသုတေသနဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူး<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ညွှန်ကြားရေးမှူး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| ( ဓ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆရာဝန်အသင်း | အဖွဲ့ဝင် |
| ( န ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း | အဖွဲ့ဝင် |

(ပ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(ဖ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဗ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်) — တွဲဖက်အတွင်းရေးမှူး (၁)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဘ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) — တွဲဖက်အတွင်းရေးမှူး (၂)
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၂။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်ရန်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ အရေးပေါ်ကွပ်ကဲရေးဌာန (Emergency Operations Centre–EOC)၊ ဦးစီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ EOC များအား အသင့်အနေအထားတွင် ရှိစေရေးအတွက် ပြင်ဆင်ထားရှိရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် Table Top Exercise များ၊ Simulation Exercise များ ဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးကျရောက်သည့် အရေးပေါ်အခြေအနေတွင် Central Command System ဖြင့် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ စတင်ညွှန်ကြားရန်၊

(ဃ) ဗဟို၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး Rapid Response Team များ အသင့်ဖွဲ့စည်းနိုင်ရေးအတွက် သင်တန်းပေးရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန်၊

(င) သဘာဝဘေးကျရောက်နိုင်သည့်ဒေသများ၌ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးရုံ၊ ဆေးခန်းနှင့် ဆေးကုသရေးအဖွဲ့များ အသင့်ဖွဲ့စည်းဆောင်ရွက်ရန်၊

(စ) ယာယီကယ်ဆယ်ရေးစခန်းများတွင် Camp Management လုပ်ငန်းများနှင့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကူးစက်ရောဂါတိုက်ဖျက်ရေးအထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူလူထုအား သဘာဝဘေး၏ နောက်ဆက်တွဲကျန်းမာရေးပြဿနာများဖြစ်သည့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် မကူးစက်တတ်သော နာတာရှည်ရောဂါများ ကုသနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောသင်တန်းများပေးရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) လိုအပ်သော ဆေးဝါးများစုဆောင်းထားရှိရန်နှင့် သိုလှောင်ဖြန့်ဖြူးမှုများ စီစဉ်ဆောင်ရွက်ရန်၊

(ည) လိုအပ်သော ရန်ပုံငွေများကို ကြိုတင်လျာထားဆောင်ရွက်ရန်၊

(ဋ) သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) သဘာဝဘေးကြောင့် ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများ ပျက်စီးမှုရှိပါက အမြန်ဆုံး ပြန်လည်ပြုပြင်ရန်၊ တည်ဆောက်ရန်နှင့် လိုအပ်ပါက အဆင့်တိုးမြှင့်တည်ဆောက်ရန်၊

(ဍ) ကျန်းမာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (Health Cluster) ကိုဖွဲ့စည်း၍ ဦးဆောင် ဆောင်ရွက်ရန်၊

(ဎ) နိုင်ငံတကာမှ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များ (International Health Teams) ခေါ်ယူရေးကြီးကြပ်ဆောင်ရွက်ရန်၊ နိုင်ငံတကာဆေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) သဘာဝဘေးသင့်ဒေသများတွင် ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားရှိရန်၊ အရေးပေါ်ကာလတွင် သတင်းမီဒီယာများမှတစ်ဆင့် စဉ်ဆက်မပြတ်ထုတ်လွှင့်ဖော်ပြပေးရန်၊

(တ) ဘေးသင့်ဒေသများတွင် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးရန်၊

(ထ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဒ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဓ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃)

## ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဘေးအန္တရာယ်များကြောင့် အိုးအိမ်နှင့် အခြေခံအဆောက်အအုံများ ထိခိုက်ဆုံးရှုံးနိုင်မှုအခြေအနေကို ကြိုတင်လေ့လာဆန်းစစ်ဖော်ထုတ်ထားရန်၊

(ခ) ပျက်စီးဆုံးရှုံးမှုအခြေအနေပေါ်မူတည်၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက်များ ကြိုတင်ရေးဆွဲဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးချိန်တွင် ဘေးသင့်ပြည်သူများ ဘေးကင်းလုံခြုံသည့်နေရာတွင် ယာယီနေထိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့်နေအိမ်များကို ဘေးကင်းလုံခြုံသည့် သင့်လျော်သော နေရာတွင် သဘာဝဘေးဒဏ်ခံအဆောက်အဦများအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(င) ဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့် လမ်းတံတား၊ အခြေခံအဆောက်အအုံများ၊ မြို့ပြနှင့် အများပိုင်အဆောက်အအုံများကို သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစွာ ပြန်လည်တည်ဆောက်ပေးရန်၊

(စ) သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသည့် မြို့ရွာများ ပြန်လည်ထူထောင်ရာတွင် မြို့ပြအင်္ဂါရပ်နှင့် ညီစေရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ရေးတို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်၊

(ဆ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးသင့်ပြည်သူများ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဇ) အိုးအိမ်ဆုံးရှုံးသွားသည့် ဘေးသင့်ပြည်သူများအား ပြန်လည်တည်ဆောက်ပြီးသည့် အဆောက်အဦ များတွင် စနစ်တကျ ပြန်လည်နေရာချထားပေးရန်၊

(ဈ) ဘေးသင့်သူများအနက် ကျောင်းသား၊ ကျောင်းသူများ ပညာသင်နှစ်မပျက် ဆက်လက်သင်ယူနိုင်ရေး အတွက် စီမံဆောင်ရွက်ပေးရန်နှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးရန်၊

(ည) ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဋ) အန္တရာယ်ဖြစ်ပွားစေနိုင်သော စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လမ်း၊ တံတားများအတွက် နည်းပညာဆိုင်ရာအကြံပေးခြင်း၊ ကြိုတင်သတိပေးစနစ်ထားရှိရေးနှင့် အရေးပေါ်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်၊

(ဌ) နိုင်ငံတကာအသိုင်းအဝိုင်းမှကမ်းလှမ်းလာသည့် လူသားချင်းစာနာမှုအကူအညီများ၊ ရန်ပုံငွေတောင်းခံ ဖြည့်ဆည်းမှုများ၊ ပြန်လည်ထူထောင်ရေးအထောက်အပံ့များ၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး စီမံချက်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်နှင့် အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများ၊ လုပ်ငန်း ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင် ဆောင်ရွက်ရန်၊

(ဎ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဏ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးကြည်၊ အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကျန်းမာရေးဆပ်ကော်မတီတွင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ပြင်ဆင်၊ ဖြည့်စွက်ခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကျန်းမာရေးဆပ်ကော်မတီ** တွင် အတွင်းရေးမှူးအဖြစ် ညွှန်ကြားရေးမှူး၊ ကျောင်းကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန **အစား** ညွှန်ကြားရေးမှူး၊ ရောဂါနှိမ်နင်းရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်၍ အောက်ပါပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်-

(၁) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အနာကြီးရောဂါတိုက်ဖျက်ရေးဌာနစိတ်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

ဒေါက်တာ သက်သက်ခိုင်
ဒုတိယဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အခွန်အယူခံခုံအဖွဲ့

### ၂၀၂၂ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၁၂

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဦးနေသူ<br>၉/မလန (နိုင်) ၁၂၂၇၄၂၊<br>ရွာသစ်ရွာ၊ ဆည်တိုအုပ်စု၊<br>မလှိုင်မြို့နယ်၊<br>မန္တလေးတိုင်းဒေသကြီး။ | နှင့် | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊<br>မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊<br>တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဒေါ်ဥမ္မာလွင်၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဒေါ်သိင်္ဂီရွှေစင်<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>ဦးစီးအရာရှိ၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် |

## စီရင်ချက်

အမှုမှာ ၂၉-၄-၂၀၂၂ ရက်နေ့ (၁၅:၀၀) နာရီအချိန်ခန့်တွင် တောင်ကြီးမြို့၊ (၄) မိုင် သစ်တောပူးပေါင်း စစ်ဆေးရေးဂိတ်၌ တာချီလိတ်မြို့မှ မန္တလေးမြို့သို့ထွက်ခွာလာသည့် ယာဉ်မောင်း ဦးကျော်စွာဝင်း၊ မှတ်ပုံတင် အမှတ်၊ ၉/ မလန (နိုင်) ၀၉၅၉၀၂ မောင်းနှင်လာသည့် Nissan Diesel (12W) ယာဉ်အမှတ် (5N/2570) (၁၂) ဘီးယာဉ်အား တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှစစ်ဆေးရာ ငရုတ်သီးခြောက်အိတ်များဖြင့် ဖုံးအုပ်ထားသည့် တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသော ထိုင်းနိုင်ငံထုတ် Used Motor Cycle များဖြစ်သည့် Honda Scoopy (၃) စီးနှင့် Honda Click 150 (၁) စီး စုစုပေါင်း (၄) စီး ခန့်မှန်းတန်ဖိုးကျပ် ၉,၆၆၀,၀၀၀ ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည့် အမိန့်အပေါ် အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်ရောက်လာသည့် အကောက်ခွန်အယူခံမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ဗီဒီယိုဆက်သွယ်မှု စနစ်ဖြင့်ကြားနာခဲ့ရာတွင် လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားသူသည် သိမ်းဆည်း ခံခဲ့ရသော Used Motor Cycle များဖြစ်သည့် Honda Scoopy (၃) စီးနှင့် Honda Click (၁) စီး စုစုပေါင်း (၄) စီးကို တာချီလိတ်မြို့မှတစ်ဆင့် သယ်ယူလာခြင်းဖြစ်ပြီး သက်ဆိုင်ရာ (က.ည.န) ရုံးများ၌ အထူးစစ်လိုင်စင်ပြုလုပ်ပေးသည့်ကာလတွင် လိုင်စင်ပြုလုပ်ပြီးနောက် သတ်မှတ်ထားသည့် အခွန်အခ များကို ပေးသွင်းမည်ဟုရည်ရွယ်၍ သဘောရိုးဖြင့်သယ်ဆောင်လာခြင်းဖြစ်ပါကြောင်း၊ သို့ဝှက်သယ်ဆောင် လာခြင်းမဟုတ်ပါကြောင်း၊ လိုအပ်သည့် လမ်းညွှန် ညွှန်ကြားမှုများဖြင့် အခွန်အခနှင့် ဒဏ်ငွေများကို ချမှတ် ပေးသင့်ပါကြောင်း လျှောက်ထားထုချေခဲ့သော်လည်း တောင်ကြီးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၉,၆၆၀,၀၀၀ ဖြစ်သည့် Used Motor Cycle (၄) စီးအား ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ ဘဏ္ဍာအဖြစ်သိမ်းဆည်းကြောင်းအမိန့်ကို ၁၁-၅-၂၀၂၂ ရက်နေ့တွင် ချမှတ်ခဲ့ပါကြောင်း၊ ၃၀-၄-၂၀၂၂ ရက်နေ့တွင် ထုချေလွှာတင်သွင်းရန်အကြောင်းကြားခဲ့ပြီး (၁၄) ရက်အတွင်း ထုချေခွင့်ပြုခဲ့သော်လည်း အကြောင်းကြားပြီးနောက် ၁၁-၅-၂၀၂၂ ရက်နေ့တွင် ပြည်သူ့ဘဏ္ဍာသိမ်းအဖြစ် အမိန့်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းလျက်ရှိနေပါကြောင်း လျှောက်ထားသည်။ ဆက်လက်၍ အဆိုပါ Used Motor Cycle (၄) စီးကို ငရုတ်သီးခြောက်အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာခြင်းမဟုတ်ပါကြောင်း၊ ကုန်ပစ္စည်း၏ သဘာဝအရ ငရုတ်သီးခြောက်အိတ်ကို အပေါ်ကုန်အဖြစ်တင်ရခြင်းဖြစ်ပါသဖြင့် သဘောရိုးဖြင့်သယ်ဆောင်လာခြင်း ဖြစ်ပါကြောင်း၊ Used Motor Cycle (၄) စီးမှာ ပြည်ပမှ သယ်ဆောင်လာခြင်းမဟုတ်ဘဲ တာချီလိတ်မြို့နယ်မှ သယ်ဆောင်လာခြင်းသာဖြစ်ပါသဖြင့် တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ၁၁-၅-၂၀၂၂ ရက်စွဲပါ Used Motor Cycle (၄) စီးအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် အမိန့်ကိုပယ်ဖျက်၍ လျှောက်ထားသူအား Used Motor Cycle (၄) စီးကို ပြန်လည်ပေးအပ်သည့် အမိန့်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးကျော်လင်းမြိုင်က စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသုံးပြုပြီး စက်ပစ္စည်း(Used Machine) များအား တင်သွင်းခွင့်ပြုခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ၁၄-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၀ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းအမိန့်ကြော်ငြာစာ၏ အပိုဒ် (၄) တွင် “အသုံးပြုပြီး စက်ပစ္စည်းများကို ပင်လယ်ရေကြောင်းမှ တင်သွင်းရမည်။” ဟု လည်းကောင်း၊ အပိုဒ် ၅ (ခ) တွင် တင်သွင်းခွင့် မပြုသည့် အသုံးပြုပြီးစက်ပစ္စည်းများအဖြစ် “မိမိ၏ ကုန်ထုတ်လုပ်ငန်းတွင် အသုံးပြုရန်မဟုတ်ဘဲ စီးပွားဖြစ်

ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့်တင်သွင်းမည့် အသုံးပြုပြီးစက်ပစ္စည်းများ”ဟူ၍ လည်းကောင်း ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် အခင်းဖြစ် Used Motor Cycle များသည် “ ကုန်ထုတ်လုပ်ငန်းတွင် အသုံးပြုရန်မဟုတ်ဘဲ စီးပွားဖြစ်ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့်တင်သွင်းမည့် အသုံးပြုပြီး စက်ပစ္စည်းများစာရင်း” တွင် အကျုံးဝင်နေပါသဖြင့် ပြည်ပမှ တင်သွင်းခွင့်မပြုသည့် ပိတ်ပင်တားမြစ်ထားသည့် စက်ပစ္စည်းများဖြစ်ပါကြောင်း၊ “သိမ်းဆည်းခံခဲ့ရသော Used Motor Cycle များဖြစ်သည့် Honda Scoopy (၃) စီးနှင့် Honda Click (၁) စီး စုစုပေါင်း (၄) စီးမှာ တာချီလိတ်မြို့မှတစ်ဆင့် သယ်ယူလာခြင်းဖြစ်ပြီး သက်ဆိုင်ရာ (က.ည.န) ရုံးများ အထူးစစ်လိုင်စင်ပြုလုပ်ပေးသည့်ကာလတွင် လိုင်စင်ပြုလုပ်ပြီးနောက် သတ်မှတ်ထားသည့် အခွန်အခများကို ပေးသွင်းမည်ဟုရည်ရွယ်၍ သဘောရိုးဖြင့် သယ်ဆောင်လာခြင်းသာ ဖြစ်ပါသည်။” ဟု လျှောက်ထားတင်ပြထားရာ အခင်းဖြစ် Used Motor Cycle (၄) စီးသည် တာချီလိတ်တွင် လိုင်စင်ပြုလုပ်ထားခြင်းမရှိသော လိုင်စင်မဲ့ဆိုင်ကယ်များဖြစ်နေသည်မှာ ပေါ်လွင်နေပါကြောင်း၊ မော်တော်ဆိုင်ကယ်လိုင်စင်ပြုလုပ်ပေးရေး စီမံချက်နှင့်ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မြန်မာတစ်နိုင်ငံလုံးရှိ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ပေးရေး လုပ်ငန်းစီမံချက်အား ၂၂-၁၀-၂၀၂၁ ရက်နေ့တွင် ပြီးစီးအောင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုအချိန်မှစ၍ ယနေ့အထိ မြန်မာတစ်နိုင်ငံလုံးတွင် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ပေးရေး လုပ်ငန်းစီမံချက်အား (လုံး၀) ဆောင်ရွက်ပေးခြင်းမရှိတော့ပါကြောင်း၊ အခင်းဖြစ်ဆိုင်ကယ်များအား ဖမ်းဆီးရမိသည့် နေ့ရက်မှာ ၂၆-၄-၂၀၂၂ ရက်နေ့ဖြစ်၍ အယူခံလျှောက်ထားသူတင်ပြသည့် “အထူးစစ်လိုင်စင်ပြုလုပ်ပေးသည့်ကာလတွင် လိုင်စင်ပြုလုပ်ရန်ရည်ရွယ်၍ သဘောရိုးဖြင့်သယ်ဆောင်လာခြင်းဖြစ်သည်” ဆိုသည့်အကြောင်းပြချက်မှာ အကျိုးအကြောင်းဆီလျော်မှုမရှိသော တင်ပြချက်သာဖြစ်ပါကြောင်း လျှောက်လဲသည်။ ဆက်လက်၍ “၃၀-၄-၂၀၂၂ ရက်နေ့တွင် ထုချေလွှာတင်သွင်းရန် အကြောင်းကြားခဲ့ပြီး (၁၄) ရက်အတွင်း ထုချေခွင့်ပြုခဲ့သော်လည်း အကြောင်းကြားခဲ့ပြီးနောက် ၁၁-၅-၂၀၂၂ ရက်နေ့တွင် ပြည်သူ့ဘဏ္ဍာသိမ်းအဖြစ် အမိန့်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းလျက်ရှိနေပါကြောင်း” လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အယူခံလျှောက်ထားသူသည် တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးမှူးထံသို့ ၇-၅-၂၀၂၂ ရက်နေ့တွင် ထုချေလွှာ တင်သွင်းဖြေရှင်းခဲ့သော်လည်း၊ ၎င်း၏ ထုချေဖြေရှင်းတင်ပြချက်များသည် အခင်းဖြစ်ပစ္စည်းများကို မည်သည့်အတွက် မသိမ်းဆည်းထိုက်ကြောင်းကို ခိုင်လုံသောအထောက်အထားများဖြင့် ရှင်းလင်းထုချေဖြေရှင်းနိုင်ခြင်း မရှိသဖြင့်၊ ထုချေလွှာတင်သွင်းပြီးနောက်ပိုင်းဖြစ်သည့် ၁၁-၅-၂၀၂၂ ရက်နေ့တွင် ပြည်သူ့ဘဏ္ဍာသိမ်းအဖြစ် အမိန့်ချမှတ်ခဲ့ခြင်းမှာ အမှုအကြောင်းခြင်းရာအရ မှားယွင်းသည်ဟုမဆိုနိုင်ပါကြောင်း၊ ထို့အပြင် အယူခံလျှောက်ထားသူ ဦးနေသူမှပင် ၎င်းတားဆီးခံခဲ့ရသည့် မော်တော်ဆိုင်ကယ် (၄) စီးအတွက် ရွေးယူရန် ငွေကြေးအခက်အခဲဖြစ်သဖြင့် ရွေးယူခြင်းမပြုတော့ပါကြောင်း၊ ၇-၅-၂၀၂၂ ရက်နေ့တွင် တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးထံသို့ ၎င်း၏ သဘောဆန္ဒအလျောက် တင်ပြလျှောက်ထားခဲ့ပြီးဖြစ်ပါကြောင်း ချေပလျှောက်လဲသည်။ ထို့နောက် ပြည်ပမှတင်သွင်းရန် ပိတ်ပင်တားမြစ်ထားသော Used Motor Cycle (၄) စီးအား ငရုတ်သီးခြောက်အိတ်များဖြင့် သိုဝှက်ဖုံးအုပ်ကုန်အဖြစ်အသုံးပြု၍ သယ်ဆောင်လာခဲ့ခြင်းနှင့် ပတ်သက်၍ အခင်းဖြစ်ပစ္စည်းများအား တားဆီးဖမ်းဆီးစဉ်က ရယူခဲ့သော ဓာတ်ပုံမှတ်တမ်းများအရလည်းကောင်း၊ ယာဉ်မောင်းဖြစ်သူ ဦးကျော်စွာဝင်းမှ အကောက်ခွန်အရာရှိ ရှေ့မှောက်၌ ထွက်ဆိုခဲ့သော ထွက်ဆိုချက်တွင် “ယာဉ်အမှတ် (5N/2570) (NISSAN DIESEL) (12W) ဖြင့် ၂၅-၄-၂၀၂၂ ရက်နေ့တွင် ငရုတ်သီးခြောက်အိတ် (၃၉၁) အိတ်အား ဝမ်ပုံဆိပ်ကမ်းမှတင်ဆောင်၍ ထွက်ခွာလာခဲ့ပြီး၊ ၂၆-၄-၂၀၂၂ ရက်နေ့တွင် ပါလျံ (၁) ရပ်ကွက်၊ တာချီလိတ်မြို့သို့ရောက်ရှိ၍ ဆိုင်ကယ် (၄) စီးနှင့် ဝိုင် (၄၅) ဖာအား ငရုတ်သီးခြောက်အိတ်များအောက်တွင် ဖုံးအုပ်သိုဝှက်သယ်ဆောင်ကာ ဆက်လက်ထွက်ခွာလာခဲ့ပါသည်။” ဟု ထွက်ဆိုချက်အရလည်းကောင်း အခင်းဖြစ်ပစ္စည်းအား ငရုတ်သီးခြောက်အိတ်များဖြင့် သိုဝှက်ဖုံးအုပ်ပြီး တင်ဆောင်လာခဲ့သည်မှာ ပေါ်လွင် ထင်ရှားနေပါကြောင်း၊ သို့ဖြစ်ပါ၍ အယူခံလျှောက်ထားသူမှ တင်သွင်းလာသော Used Motor Cycle

များဖြစ်သည့် Honda Scoopy (၃) စီးနှင့် Honda Click (၁) စီး စုစုပေါင်း (၄) စီးတို့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၀ ထုတ်ပြန်၍ ပြည်ပမှတင်သွင်း ခြင်းကို တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများဖြစ်နေခြင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့်ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ထားချက်များနှင့်ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့်အညီ ပြဋ္ဌာန်းတားမြစ်ထားသည့် အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ် Used Motor Cycle များဖြစ်သည့် Honda Scoopy (၃) စီးနှင့် Honda Click (၁) စီး စုစုပေါင်း (၄) စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၉,၆၆၀,၀၀၀ခန့်အား အကောက်ခွန် ဦးစီးဌာနမှ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး၏ အမိန့်ကို အတည်ပြုပြီး အယူခံလွှာကို “ပလပ်” ပေးနိုင်ပါရန် ချေပလျှောက်ထားသည်။

လျှောက်ထားခံရသူ၏ ချေပလျှောက်လဲချက်နှင့်ပတ်သက်၍ လျှောက်ထားသူ၏ အကျိုးဆောင် ရှေ့နေက လျှောက်ထားသူအနေဖြင့် အခင်းဖြစ်ပစ္စည်းများကိုစွန့်လွှတ်ကြောင်း တင်ပြရခြင်းနှင့်စပ်လျဉ်း၍ မိမိတို့သဘောအရ ဆောင်ရွက်ရခြင်းမဟုတ်ပါကြောင်း၊ ရွေးယူဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုရေး ဦးစွာ လျှောက်ထားခဲ့ပါကြောင်း၊ ထိုလျှောက်ထားမှုကို အကောက်ခွန်ဦးစီးဌာနက ထိုသို့လျှောက်ထား၍မရကြောင်း၊ မည်သည့်အတွက်ကြောင့် လျှောက်ထား၍မရနိုင်သည်ကို မှတ်တမ်းမှတ်ရာများပေးရန် တောင်းဆိုခဲ့ သော်လည်း လိုင်စင်မဲ့ဖြစ်နေ၍ ထုတ်ပေး၍မရနိုင်ကြောင်းသာ ပြောဆိုပါကြောင်း၊ စွန့်လွှတ်သည်ဆိုသည့် အကြောင်းကို ၎င်းတို့ ကိုယ်တိုင်စာရိုက်၍ လက်မှတ်ရေးထိုးခိုင်းခြင်းဖြစ်ပါကြောင်း၊ မိမိတို့မှ ရွေးယူဒဏ်ဖြင့် ရွေးယူလိုကြောင်း လျှောက်ထားချင်သော်လည်း ၎င်းတို့မှ စွန့်လွှတ်သည့် စာကိုသာ လက်မှတ်ရေးထိုးခိုင်းခြင်း ဖြစ်ပါကြောင်း၊ လျှောက်ထားသူအနေဖြင့် စာရွက်စာတမ်းအထောက်အထားများ တင်ပြသော်လည်း တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာနအနေဖြင့် လက်ခံခဲ့ခြင်းမရှိဘဲ ၎င်းတို့လိုချင်သော ပုံစံကိုသာ လက်မှတ် ရေးထိုးခိုင်းခြင်းဖြစ်သဖြင့် လျှောက်ထားသူအတွက် များစွာနစ်နာရကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူ၏ လျှောက်ထားချက်ကို ရုံးတော်မှ စဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် လျှောက်ထားအပ်ပါကြောင်း ရှင်းလင်း လျှောက်လဲသည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၃၀၈/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်)

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (ကွင်းပြင်ပ)၊ ဦးပိုင်အမှတ် (–) ရှိ **ဓမ္မရတနာနောင်ခုံးကျောင်းတိုက် အခွန်လွတ်သာသနာ့မြေဧရိယာ ၃.၁၀ ဧက** အနက်မှ **၀.၁၈၃ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယိကာမ ဒေါ်ရီရီမေ [၈/ပခက (နိုင်) ၁၀၈၃၇၇] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၀၉/၂၀၂၃)

ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၊ ခိုအွတ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၃၇၅/ကာလေရွာမြောက်)၊ ဦးပိုင်အမှတ် (၁)၊ မြေကွက်အမှတ် (၁၊ ၂၊ ၃)၊ **မြေဧရိယာ ၇၂၆.၈၃ ဧက**

ရှိမြေအား **အမှတ် (၁၅၂) ခြေလျင်တပ်ရင်း (ကာလေ)** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၃၁၀/၂၀၂၃)**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၉/ရန်အောင်မြင်)၊ ဦးပိုင်အမှတ် (၂၀၅)၊ **မြေဧရိယာ ၅.၂၈၂ ဧက** ရှိမြေအား အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ **စဉ့်ကိုင်မြို့နယ်အားကစားကွင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၃၁၁/၂၀၂၃)**

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆+၃၉/ပြည်တော်သာ)၊ ဦးပိုင်အမှတ် (၁၉)၊ **မြေဧရိယာ ၀.၉၂၀ ဧက** ရှိမြေအား **သတ္တုတွင်းဦးစီးဌာန (ရှမ်းပြည်နယ်မြောက်ပိုင်း) ရုံး၊ ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၃၂၇/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၄/ ရွှေဘိုကျောင်းတောင်အကွက်)၊ ဦးပိုင်အမှတ် (၅) ရှိ **မြေဧရိယာ ၁.၆၉၁ ဧက** ကို **ကျန်းမာရေးဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ်အသုံးပြုရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး နိုင်ငံတော်သို့ ပြန်လည် စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၂၆)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

အဆိုပါ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် **မြေဧရိယာ ၁.၆၉၁ ဧက** ကို ဘားအံခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အခွန်တော်အမှုတွဲအမှတ် (၄၀/၂၀၀၀) ဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် ခွင့်ပြုထုတ်ပေးထားသဖြင့် ယင်းမြေငှားစာချုပ်အားပယ်ဖျက်၍ **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၃၃၁/၂၀၂၃)**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့၊ မြို့မ (၃) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃^င^/ ပိန္နဲတိုက်ကျောင်းရပ်)၊ ဦးပိုင်အမှတ် (၉၀^ဃ^) ရှိ **မြေဧရိယာ ၀.၃၄ ဧက** အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက **ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်** သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၂၆ (၁၅/၂၃)/၇/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၃၄ ဧက ကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၇၂/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်)

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်ဆွေယဉ်နု နှင့် ဦးဇော်မင်းသူ တို့အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၇၃/၂၀၂၃)

၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ သင်ကြားရေးဌာနအောက် ရေကြောင်းအင်ဂျင်နီယာပညာဌာနမှ နည်းပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးဝင်းထိုက်အောင် အား လစ်လပ်လျက်ရှိသော လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ သတ်မှတ်လုပ်သက်ကိုလျှော့ပေါ့၍ အထူးကိစ္စရပ်အနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ စီးပွားရေးပြန်လည်ကောင်းမွန်တိုးတက်လာစေရန်နှင့် ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၌ ထုတ်လုပ်မည့် လောင်စာဆီသုံးယာဉ်များ Semi Knocked Down –SKD စနစ်နှင့် Completely Knocked Down–CKD စနစ်တို့ဖြင့် တင်သွင်းခြင်းအတွက် အကောက်ခွန်နှုန်းထားများအား အောက်ပါအတိုင်း ဖြေလျှော့ခွင့်ပြုလိုက်သည်–

| စဉ် | ယာဉ်အမျိုးအစား | MCT 2022တွင် ကောက်ခံသည့်နှုန်း (%) | | | ဖြေလျှော့ကောက်ခံမည့်နှုန်း (%) | | |
|---|---|---|---|---|---|---|---|
| | | CBU | SKD | CKD | CBU | SKD | CKD |
| က | 2000 CC နှင့် အောက် လူစီးမော်တော်ယာဉ် | ၃၀ % | ၇.၅ % | ၅ % | – | ၅ % | ၃ % |
| ခ | 2001 CC နှင့် အထက် လူစီးမော်တော်ယာဉ် | ၄၀ % | ၇.၅ % | ၅ % | – | ၅ % | ၃ % |
| ဂ | သုံးဘီးမော်တော်ဆိုင်ကယ် (လူစီး) | ၂၀ % | ၇.၅ % | ၅ % | – | ၃ % | ၁.၅ % |
| ဃ | သုံးဘီးမော်တော်ဆိုင်ကယ် (ကုန်တင်) | ၁၀ % | ၇.၅ % | ၅ % | – | ၃ % | ၃ % |
| င | Bus များ | ၁၀ % | ၇.၅ % | ၅ % | – | ၃ % | ၃ % |
| စ | Truck/Body Building ပြုလုပ်ရန် Truck များ | ၁၀ % | ၇.၅ % | ၅ % | – | ၃ % | ၃ % |
| ဆ | မော်တော်ဆိုင်ကယ် | ၅ % | ၃ % | ၃ % | – | ၁.၅ % | ၁.၅ % |

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၉-၇-၂၀၂၀ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၂၀၊ ၁၀-၁၂-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၁၃၈/၂၀၂၀ နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၂-၆-၂၀၂၁ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၃၇၂/၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၃)**

**ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများအတွက် မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်းနှင့် မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားအလုပ်သမားများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများအတွက် တစ်ရက်လုပ်ခ ကျပ် ၆၅၀၀ နှုန်းကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ ကြိုတင်ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်

လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၃ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများအတွက်** မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။ ထို့ပြင် မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားအလုပ်သမားများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၃ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများအတွက်** တစ်ရက်လုပ်ခ ကျပ် ၆၅၀၀ နှုန်းကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၃)

## ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများအတွက် မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ကြိုတင်ခွင့်ပြုချက်အရ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၃ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများအတွက်** မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

## ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့်ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့်ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့်ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲဇယားပါ အမှတ်စဉ် ၁၄ ကို ပူးတွဲပါအတိုင်း အစားထိုးရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပုံမှန်တင်သွင်းလာသည့် ယာဉ်/ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသည့် ယာဉ်များနှင့် အထွေထွေကုန်ပစ္စည်းအပေါ်
ဒဏ်ကြေးသတ်မှတ်ခြင်း

| စဉ် | ပြစ်မှု | ပုံမှန်တင်သွင်းသော ယာဉ်/ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | | အထွေထွေကုန်ပစ္စည်းများ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရှင်းလင်းချက် | ပြစ်ဒဏ် | ရှင်းလင်းချက် | ပြစ်ဒဏ် | |
| ၁၄ | Valid for Prior Arrival (VPA) လိုင်စင်/ပါမစ် ခွင့်ပြုချက်မရမီ ကုန်ပစ္စည်း ရောက်ရှိခြင်း၊ ကုန်ပစ္စည်း ရောက်ရှိပြီးမှ လိုင်စင်/ပါမစ် ပြင်ဆင်ချက်ရရှိခြင်း။ | (1) day to (20) days | ကင်းလွတ် | (1) day to (30) days | ကင်းလွတ် | (၁) CMP ပစ္စည်းများအတွက် VPA ဒဏ်ကြေး (၄၅) ရက်အထိ ကင်းလွတ်ခွင့်ပြုပါသည်။<br>(၂) လေယာဉ်အပိုပစ္စည်းများအတွက် VPA ဒဏ်ကြေး ကင်းလွတ်ခွင့်ပြုပါသည်။<br>(၃) လိုင်စင်/ပါမစ် သက်တမ်းတိုးနှင့်ပတ်သက်၍ နောက်ကျ၍ သက်တမ်းတိုးသော်လည်း သက်တမ်းတစ်ဆက်တည်း တိုးမြှင့်ခွင့်ရရှိလျှင် ဤအပိုဒ်ဖြင့် အရေးယူဆောင်ရွက်ရန်မလိုပါ။ |
| | | (21) days to (30) days | 1/24 AV | (31) days to (40) days | 1/90 AV | |
| | | (31) days to (40) days | 1/4 AV | (41) days to (50) days | 1/48 AV | |
| | | (41) days to (50) days | 1/2 AV | (51) days to (60) Days | 1/24 AV | |
| | | (51) days to (60) Days | 1 AV | (61) days to (70) Days | 1/8 AV | |
| | | (61) day နှင့်အထက် | သိမ်းဆည်း | (71) days to (80) Days | 1/4 AV | |
| | | | | (81) days to (90) Days | 1 AV | |
| | | | | (91) Days နှင့် အထက် | သိမ်းဆည်း | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၁၂/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်)

### တပ်မတော်မှ ဆေးအဆင့်နိမ့် အီးအေ (၁/၂) အရာရှိများ လွှဲပြောင်းတာဝန်ထမ်းဆောင်ရေး ဘုတ်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် တပ်မတော်မှ ဆေးအဆင့်နိမ့် အီးအေ (၁/၂) အရာရှိများအား နယ်ဘက်ဝန်ကြီးဌာနများ/အဖွဲ့အစည်းများ/ကော်မတီများသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်နိုင်ရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါစာဖြင့် ခွင့်ပြုချက်အရ ဘုတ်အဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ဝန်ကြီးဌာနအမည်ပြင်ဆင်ခြင်းနှင့် ဘုတ်အဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင် ပြောင်းလဲခြင်းများရှိပါသဖြင့် တပ်မတော်မှ ဆေးအဆင့်နိမ့် အီးအေ (၁/၂) အရာရှိများ လွှဲပြောင်းတာဝန်ထမ်းဆောင်ရေး ဘုတ်အဖွဲ့အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။　　တပ်မတော်မှ ဆေးအဆင့်နိမ့် အီးအေ (၁/၂) အရာရှိများ လွှဲပြောင်းတာဝန်ထမ်းဆောင်ရေး ဘုတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)　တပ်မတော်မှ ဆေးအဆင့်နိမ့် အီးအေ (၁/၂) အရာရှိများ နယ်ဘက်ဝန်ကြီးဌာနများ/အဖွဲ့အစည်းများ/ ကော်မတီများသို့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်ရေး လုပ်ငန်းများအား စနစ်တကျဆောင်ရွက်ရန်၊

(ခ)　လွှဲပြောင်းတာဝန်ထမ်းဆောင်မည့် အရာရှိများစာရင်းတောင်းခံရန်၊

(ဂ)　လွှဲပြောင်းတာဝန်ထမ်းဆောင်မည့် အရာရှိများအနေဖြင့် မိမိတို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုသော ဝန်ကြီးဌာန/ပြည်ထောင်စုအဆင့်အဖွဲ့အစည်း (၃) ခုအား ဦးစားပေးအဆင့် ဖော်ပြ၍ အဆိုပြုလွှာတွင် ထည့်သွင်းဖော်ပြနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ)　လွှဲပြောင်းတာဝန်ထမ်းဆောင်မည့် အရာရှိများကိုတွေ့ဆုံ၍ မသန်စွမ်းမှုအခြေအနေအပေါ်မူတည်ပြီး သင့်လျော်သည့်ဝန်ကြီးဌာနများ စိစစ်သတ်မှတ်ပေးရန်၊

(င)　အီးအေ (၁/၂) အရာရှိများ လွှဲပြောင်းတာဝန်ထမ်းဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(စ)　သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားများရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြဆောင်ရွက်ရန်၊

(ဆ)　အီးအေ (၁/၂) အရာရှိများအနေဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်မည့် ဝန်ကြီးဌာန/အဖွဲ့အစည်း/ ကော်မတီများသို့ သွားရောက်သတင်းပို့တာဝန်ထမ်းဆောင်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်။

၃။　　ဤဝန်ကြီးရုံး၏ ၁-၁၁-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၃၂/၂၀၂၁ နှင့် ၅-၈-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၂၆/၂၀၂၂ တို့အား ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်)

အမှတ် ၅၄။　　အောက်ဖော်ပြပါ ပြည်နယ်ဥပဒေအရာရှိများအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲ ဖော်ပြထားသော ဥပဒေရုံးအသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ပြောင်းရွှေ့နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၁။ | ဦးဝင်းမောင် ဥ/၂၄၃၂ | ပြည်နယ်ဥပဒေအရာရှိ ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး | ညွှန်ကြားရေးမှူး လေ့ကျင့်သင်ကြားရေးဌာနခွဲ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန |
| ၂။ | ဦးဇော်ဝင်းဖုံ ဥ/၂၂၄၅ | ပြည်နယ်ဥပဒေအရာရှိ ကယားပြည်နယ်ဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေအရာရှိ ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး |

အမှတ် ၅၅။ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး/ ပြည်နယ်ဥပဒေအရာရှိ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၁။ | ဒေါ်မြသိင်္ဂီ<br>ဥ/၂၅၆၁ | ဒုတိယညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်ရေးဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူး<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေး<br>ဌာနခွဲ၊ ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၂။ | ဒေါ်တင်တင်လှ<br>ဥ/၂၃၉၅ | ခရိုင်ဥပဒေအရာရှိ<br>ကလေးခရိုင်ဥပဒေရုံး | ညွှန်ကြားရေးမှူး<br>နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊<br>အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၃။ | ဦးသိန်းထွန်း<br>ဥ/၂၆၆၈ | ခရိုင်ဥပဒေအရာရှိ<br>ကျောက်ဆည်ခရိုင်ဥပဒေရုံး | ပြည်နယ်ဥပဒေအရာရှိ<br>ကယားပြည်နယ်ဥပဒေချုပ်ရုံး |
| ၄။ | ဒေါ်ငွေငွေလှိုင်<br>ဥ/၂၅၀၉ | ဒုတိယညွှန်ကြားရေးမှူး<br>တရားမစွဲမှုဥပဒေအကြံပေးရေးနှင့်<br>တင်ပြချက်များစိစစ်ရေးဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူး<br>တရားမစွဲမှုဥပဒေအကြံပေးရေးနှင့်<br>တင်ပြချက်များစိစစ်ရေးဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |

အမှတ် ၅၈။ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၄)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ/မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၁။ | ဒေါ်ရတနာမျိုး<br>ဥ/၃၄၅၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ကြည့်မြင်တိုင်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ကျုံပျော်ခရိုင်ဥပဒေရုံး |
| ၂။ | ဒေါ်ချမ်းညိမ်းသူ<br>ဥ/၃၅၈၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မာန်အောင်မြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>ပုဏ္ဏားကျွန်းမြို့နယ်ဥပဒေရုံး |
| ၃။ | ဒေါ်အိသန္တာကျော်<br>ဥ/၃၄၄၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မရမ်းကုန်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>တောင်ငူခရိုင်ဥပဒေရုံး |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၄။ | ဦးနိုင်လွင်ထူး ဥ/၃၄၆၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ရွှာငံမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ မြင်းမူမြို့နယ်ဥပဒေရုံး |
| ၅။ | ဒေါ်နှင်းလွှာဦး ဥ/၃၅၂၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ပုသိမ်ကြီးမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ မိုးညှင်းမြို့နယ်ဥပဒေရုံး |
| ၆။ | ဒေါ်ခင်ပြည့်စုံ ဥ/၃၅၅၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ပုဗ္ဗသီရိမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ သရက်ခရိုင်ဥပဒေရုံး |
| ၇။ | ဦးတေဇာထက်အောင် ဥ/၃၄၈၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ကျောက်တံတားမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ သိန္နီမြို့နယ်ဥပဒေရုံး |
| ၈။ | ဒေါ်ကြွယ်ကြွယ်ဌေး ဥ/၃၆၀၉ | ဒုတိယဦးစီးမှူး ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး (စမ်းချောင်းစည်ပင်) | ဦးစီးအရာရှိ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**အမိန့်အမှတ် (၁/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်)

### သတင်းအေဂျင်စီလုပ်ငန်းပိတ်သိမ်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၇/၂၀၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။

၂။ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခဲ့သည့် ယခင်က ထုတ်ဝေခွင့်ပြုပေးခဲ့သော A Times သတင်းအေဂျင်စီကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်သည်။

၃။ ယင်းသတင်းအေဂျင်စီလုပ်ငန်းသည် မီဒီယာအမျိုးအစားတစ်ခုခုကိုအသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည်ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်းရှိ မြေကွက်အမှတ် ၇၂ ခ၊ ဧရိယာ ၁၁.၆၅ ဧကပေါ်ရှိ GPS ညွှန်းအမှတ် (19.742145 E, 96.216265 N)၊ ပင်မအဆောက်အဦ၏ အကျယ်အဝန်းအလျား 92' 0"၊ အနံ 32' 6"၊ အမြင့် 18' 3" နှင့် ဆင်ဝင်၏ အကျယ်အဝန်းအလျား 20' 0"၊ အနံ 16' 0"၊ အမြင့် 11' 0" ရှိသော လယ်ယာစက်မှုဌာန အဆောက်အဦကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်လိုက်သည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၆-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၉/၁-၅/(၄၆၈) (စမဆ) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၂၅-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၅၈၄၅/မပ (မြေတိုင်း)-၆(၂၀၂၃) ဖြင့် စိစစ်တင်ပြချက်တို့အရ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ စေတုတ္တရာမြို့၊ အမှတ် (၁) ရပ်ကွက်နှင့် အမှတ် (၂) ရပ်ကွက် မြို့မြေတိုင်းတာနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်

စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၈-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၉/၁-၂/(၄၉၃) (စမဆ) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၃၀-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ဖ၁၂၂/မပ(မြေတိုင်း)-ဖ(၂၀၂၃) ဖြင့် စိစစ်တင်ပြချက်တို့အရ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ကံဆွယ်ကျေးရွာအုပ်စု၊ ကံကြီး (တ) ကျေးရွာအား ကျေးရွာမြေပုံဂရန် ထုတ်ပေးနိုင်ရန် မြို့မြေတိုင်းတာဆောင်ရွက်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၂၃)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၃-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၄/၇-၁၃/(၄၄၃)/အစိုးရအဖွဲ့ (ကချင်) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၆-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၀၉၉၄)/၂၀၂၂ ပါ အတည်ပြုချက်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၃၀-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ဖ၁၂၃/မပ(မြေတိုင်း)-ဖ(၂၀၂၃) ဖြင့် စိစစ်တင်ပြချက်တို့အရ ကချင်ပြည်နယ်အစိုးရအဖွဲ့က ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဗန်းမော်မြို့ (၃) မိုင်ရွှေပြည်သာရပ်ကွက်နှင့် ဟန်းတဲရပ်ကွက်တို့ရှိ မြေဧရိယာ (၉၉၄) ဧကအား အကွက်ပေါင်း (၂၅) ကွက်ခွဲ၍ အဖွဲ့ (၃) ဖွဲ့ဖြင့် မြို့မြေတိုင်းတာခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၁)/၈/ ကောင်စီရုံးအရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဌေး အား လက်ရှိတာဝန်များအပြင် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်များကိုပါ ၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှစ၍ ယာယီပူးတွဲတာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ အောက်ပါ ဒုတိယ ညွှန်ကြားရေးမှူး (၂) ဦးအား ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဒေါ်လဲ့လဲ့ခိုင် ၉/ကပတ (နိုင်) ၀၆၆၅၉၉

( ခ ) ဒေါ်တင်မျိုးမြင့် ၁၂/မရက (နိုင်) ၀၁၅၄၇၁

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်)

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ခရိုင် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးဟန်တင် အား ကယားပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း

(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်)

**၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။　၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | ဥက္ကဋ္ဌ (၁) |
| (ခ) | ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန | ဥက္ကဋ္ဌ (၂) |
| (ဂ) | ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ် | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဃ) | ပါမောက္ခချုပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ် | ဒုတိယဥက္ကဋ္ဌ (၂) |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်လေ့ကျင့်ရေးဌာနခွဲ-၁) အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်လေ့ကျင့်ရေးဌာနခွဲ-၂) အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး (အားကစားကွင်း/အားကစားရုံဌာနခွဲ) အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | အားကစားနည်းပြ၊ အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) အဆင့်မြင့်ပညာဦးစီးဌာန | အတွင်းရေးမှူး |
| (ဋ) | ညွှန်ကြားရေးမှူး (စီမံ) အဆင့်မြင့်ပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူး (ကျောင်းသားရေးရာ) အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။　ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီကို တာဝန်ခံ၍ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးဆောင်ရွက်ရန်၊

(ခ) ပြိုင်ပွဲဝင်အသင်းများ အဆင်ပြေစွာယှဉ်ပြိုင်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် ပြိုင်ပွဲဝင်အသင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရန်၊

(ဂ) ပြိုင်ပွဲကျင်းပသည့်နေရာများသို့ နေ့စဉ်သွားရောက်ကြီးကြပ်ရန်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ (၁) |
| (ခ) | ပြည်ထောင်စုဝန်ကြီး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ (၂) |
| (ဂ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဃ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (င) | ဒုတိယဝန်ကြီး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၃) |
| (စ) | အမြဲတမ်းအတွင်းဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (တ) | ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ထ) | ပါမောက္ခချုပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (န) | ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပညာရေးဝန်ကြီးဌာနကတာဝန်ခံ၍ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို အောင်မြင်စွာကျင်းပဆောင်ရွက်ရန်၊

( ခ ) ပြိုင်ပွဲကျင်းပရေးဆိုင်ရာ မူဝါဒများချမှတ်ဆောင်ရွက်သွားရန်၊

( ဂ ) ပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များအပေါ်မူတည်ပြီး လုပ်ငန်းကော်မတီ/ ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဃ) ကျင်းပရေးလုပ်ငန်းကော်မတီ၏ လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးရန်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၂၃)**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကုတ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ရာထူး ရယူ၍ မကွေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ခန့်ထား ခဲ့သော ဒေါက်တာ ချိုချိုလွင် အား မကွေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်ရာထူးနေရာသို့ ပြောင်းရွှေ့ခန့်ထား လိုက်သည်။

ဒေါက်တာ ညွှန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀-ရုံးကွက်)၊ မြေကွက်အမှတ် (၉+၁၀)၊ မြေဧရိယာ ၁.၂၀၅ ဧကရှိ အစိုးရမြေနေရာအား ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် လမ်းဦးစီးဌာနရုံးအသုံးပြုရန်အတွက် လမ်းဦးစီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်း ပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လမ်းဦးစီးဌာနရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

( ခ ) ထိုမြေကို လမ်းဦးစီးဌာနမှ အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

( ဂ ) မြေကိုအသုံးပြုရာတွင် လမ်းဦးစီးဌာနနှင့် ဤဦးစီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၀-ရုံးကွက် | ၉+၁၀ | ၁ | ၂၀၅ | |
| စုစုပေါင်း | | | | ၁ | ၂၀၅ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - မြေကွက်အမှတ်-၁၁

အနောက်လားသော် - လမ်း

တောင်လားသော် - မြေကွက်အမှတ်-၇၊ ၈

မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀-ရုံးကွက်)၊ မြေကွက်အမှတ် (၉+၁၀)၊ မြေဧရိယာ ၁.၂၀၅ ဧကရှိ အစိုးရမြေအား ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် လမ်းဦးစီးဌာနရုံးအသုံးပြုရန်အတွက် လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၃)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (၁၃၃၆)၊ မြေဧရိယာ ၀.၇၇၁ ဧကရှိ အစိုးရမြေနေရာအား မြို့နယ်ဦးစီးမှူးရုံးအသုံးပြုရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ မြို့နယ်ဦးစီးမှူးရုံးအတွက်သာအသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို စိုက်ပျိုးရေးဦးစီးဌာနမှ အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည် အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒလ | ၂ | ၁၃၃၆ | ၀ | ၇၇၁ | |
| စုစုပေါင်း | | | | ၀ | ၇၇၁ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - ဒလ-တွံတေးကားလမ်း

အနောက်လားသော် - မြေကွက်လပ်

တောင်လားသော် - ဒလ-တွံတေးကားလမ်း

မြောက်လားသော် - ရေကန်

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၃) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (၁၃၃၆)၊ မြေဧရိယာ ၀.၇၇၁ ဧကရှိ အစိုးရမြေအား မြို့နယ်ဦးစီးမှူးရုံးအသုံးပြုရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၀၁၂/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၃၃၇၇)၊ မြေဧရိယာ ၀.၂၅၃ ဧကရှိ အစိုးရမြေနေရာအား လူမှုဖူလုံရေးအဖွဲ့အသုံးပြုရန်အတွက် အလုပ်သမားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လူမှုဖူလုံရေးအဖွဲ့အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို အလုပ်သမားဝန်ကြီးဌာနမှ အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည် အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် အလုပ်သမားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒလ | ၄ | ၃၃၇၇ | ၀ | ၂၅၃ | |
| စုစုပေါင်း | | | | ၀ | ၂၅၃ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် – မြေကွက်အမှတ်-၃၃၇၈

အနောက်လားသော် – မြေကွက်အမှတ်-၃၃၇၉

တောင်လားသော် – ကွက်လပ်

မြောက်လားသော် – ဒလ-တွံတေးကားလမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၃) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၃၃၇၇)၊ မြေဧရိယာ ၀.၂၅၃ ဧကရှိ အစိုးရ မြေအား လူမှုဖူလုံရေးအဖွဲ့အသုံးပြုရန်အတွက် အလုပ်သမားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် မြေဧရိယာ ၁၇၈.၄၄၅ ဧကနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် မြေဧရိယာ ၃၅၈.၇၄၃ ဧက **စုစုပေါင်းမြေဧရိယာ ၅၃၇.၁၈၈ ဧက** တို့အား ရွာသာကြီးဘက်စုံမွေးမြူရေးစခန်း အသုံးပြုရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရွာသာကြီးဘက်စုံမွေးမြူရေးစခန်းအတွက်သာအသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။　**လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၆၄ | ၅ | ၄၀ | ၆၁၉ | |
| ရန်ကုန် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၆၄ | ၆ | ၁၂၆ | ၄၂၈ | |
| ရန်ကုန် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၆၄ | ၈ | ၁၁ | ၃၉၈ | |
| **ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၏ စုစုပေါင်းမြေဧရိယာ** | | | | **၁၇၈** | **၄၄၅** | |
| ရန်ကုန် | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၅၃ | ၁/ခ | ၅ | ၃၁၈ | |
| ရန်ကုန် | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၆၆/က | ၃/၄ | ၃၅၃ | ၄၂၅ | |
| **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၏ စုစုပေါင်းမြေဧရိယာ** | | | | **၃၅၈** | **၇၄၃** | |
| **ပြန်တမ်းဖြင့် လွှဲပြောင်းပေးမည့် မြေဧရိယာစုစုပေါင်း** | | | | **၅၃၇** | **၁၈၈** | |

၃။　**နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် – လမ်း၊ ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာနှင့် စံပြစိုက်ပျိုးရေးဇုန်

အနောက်လားသော် – စက်မှုလယ်ယာ၊ စီးပွားရေးတက္ကသိုလ်

တောင်လားသော် – လမ်း၊ မြေတိုင်းရပ်ကွက် ၁၅၄ နှင့် စက်မှုလယ်ယာ

မြောက်လားသော် – ရန်ကုန်-မန္တလေး မီးရထားလမ်း

၄။　ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၃) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် မြေဧရိယာ ၁၇၈.၄၄၅ ဧကနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် မြေဧရိယာ ၃၅၈.၇၄၃ ဧက **စုစုပေါင်းမြေဧရိယာ ၅၃၇.၁၈၈ ဧက** တို့အား ရွာသာကြီးဘက်စုံမွေးမြူရေးစခန်း အသုံးပြုရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်)

၁။　ကချင်ပြည်နယ်အတွင်း၌ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်နယ်မှစီမံခန့်ခွဲသော မိုးမောက်- ကျောက်စခန်း-စိန်လုံ- လွယ်ဂျယ်လမ်းအား ပြည်ထောင်စုမှစီမံခန့်ခွဲသော လမ်းအဖြစ် ပြင်ဆင် သတ်မှတ်လိုက်သည်။

၂။ အဆိုပါ လမ်းအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုမှတ်ပုံတင်လမ်းမကြီး အဖြစ် အောက်ပါ အတိုင်း သတ်မှတ်ကြေညာလိုက်သည်-

(က) လမ်းမကြီးအမည် - မိုးမောက်- ကျောက်စခန်း-စိန်လုံ-လွယ်ဂျယ်လမ်း

( ခ ) လမ်းမကြီးအရှည် - ၄၇ မိုင် ၄ ဖာလုံ သို့မဟုတ် ၇၆.၄၄၄ ကီလိုမီတာ

( ဂ ) လမ်းစတင်သည့်နေရာ - မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း
မိုင်တိုင်အမှတ် (၃၇၀/၇) အနီး၊ မိုးမောက်မြို့

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - မိုးမောက်- ကျောက်စခန်း-စိန်လုံ-လွယ်ဂျယ်လမ်း
မိုင်တိုင်အမှတ် (၄၇/၄) အနီး၊ လွယ်ဂျယ်မြို့

( င ) လမ်းအဆင့်အတန်း - နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး

( စ ) လမ်းနယ်နိမိတ် - ၂၃၀ ပေ

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကချင်ပြည်နယ် အတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၂၁၆၆ မိုင် သို့မဟုတ် ၃၄၈၅.၈၃၇ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ် လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၃)**

ရန်ကုန်မြို့၊ ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်နေ့ တွင်ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (ဃ) အရ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှလက်ထောက်ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး)(အင်ဂျင်နီယာ)၊ လစာနှုန်း(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)ဦးသန်းဌေး(မစ-၁၅၈၅)အားအင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တွင်လစ်လပ်လျက် ရှိသည့် ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်ပြီး မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဗိုလ်ဌေး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက် (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်)

အမှတ် ၆၀/၂၀၂၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၄ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | အောင်သန်းဦး | ကြည်း | ၇၉၄၈၄ |
| (၂) | ထွန်းဝင်း | ကြည်း | ၇၉၄၈၅ |
| (၃) | ဝင်းနိုင် | ကြည်း | ၇၉၄၈၆ |
| (၄) | ဆန်နီထွန်း | ကြည်း | ၇၉၄၈၇ |
| (၅) | မိုးဇော် | ကြည်း | ၇၉၄၈၈ |
| (၆) | မြင့်စိုး | ကြည်း | ၇၉၄၈၉ |
| (၇) | ဇော်ရှိန်း | ကြည်း | ၇၉၄၉၀ |
| (၈) | ရဲကြည် | ကြည်း | ၇၉၄၉၁ |

အမှတ် ၆၁/၂၀၂၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၄ ရက်စွဲပါ စာအမှတ်၊ ၂/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) စိုးမြင့် ကြည်း ၇၉၄၉၂

(၂) စိုးမြင့် ကြည်း ၇၉၄၉၃

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## သမဝါယမဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်)

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၃-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၃) နှင့် ၇-၄-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၃) တို့အရ ဦးစီးမှူးရာထူး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) မှ ဦးစီးအရာရှိရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သို့ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသော ကရင်ပြည်နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မျိုးမျိုးထွေး [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၃/ဘအန (နိုင်) ၁၆၉၂၀၄] အား မိမိ၏ တာဝန်ဝတ္တရားများကို စွန့်လွှတ်စေပြီးလျှင် မြို့နယ်သမဝါယမဦးစီးဌာန၊ ဘားအံမြို့တွင် ဦးစီးအရာရှိ၏ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

အောင်သူရ

ညွှန်ကြားရေးမှူးချုပ်

သမဝါယမဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ဂလိုဘယ် အော်တိုရေး ကုမ္ပဏီလီမိတက်**
**(GLOBAL AUTO RAY COMPANY LIMITED)**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဂလိုဘယ် အော်တိုရေး ကုမ္ပဏီလီမိတက် (GLOBAL AUTO RAY COMPANY LIMITED)** အား (၂၈-၆-၂၀၂၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ဝင်း
ဥက္ကဋ္ဌ
ဂလိုဘယ် အော်တိုရေး ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
B.Com (Q), CPA
NGWE INZALY AUDIT FIRM
အခန်း (၈၀၁)၊ (၈ လွှာ)၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**Exim Mitc Company Limited**

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Exim Mitc Company Limited** အား (၅-၇-၂၀၂၃) ရက်နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဦးစိုးဝင်း B.Com (A.A), CPA, (RA) (PA-504)၊ တိုက်အမှတ် (၆၆/၇၂)၊ အခန်း (၂၀၄/ဘီ)၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၅-၈-၂၀၂၃) ရက်နေ့အထိ နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မိုးစန္ဒာမျိုးဦး
မန်နေးဂျင်းဒါရိုက်တာ
Exim Mitc Company Limited

ဦးစိုးဝင်း
B.Com (A.A), CPA, (RA) (PA-504)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**HALOB-MOBILE LTD**

ကုမ္ပဏီတရားဝင်ဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ကျင်းပသော ဒါရိုက်တာများအားလုံးတက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **HALOB-MOBILE LTD** အား ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မျိုးနေဇာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ဒလန (နိုင်) ၀၄၆၅၃၉] B.A (Eco), CPA (PA-1440) လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိစာရင်းများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

WANG XIAO YU
DIRECTOR
HALOB MOBILE LTD

Daw Myo Nay Zar
B.A (Eco), CPA (PA-1440)
လက်မှတ်ရပြည်သူ့စာရင်းကိုင်

**KING SWALLOW COMPANY LIMITED**

**(Company Registration No. 110656750)**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ

ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ **KING SWALLOW COMPANY LIMITED** အား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၅-၅-၂၀၂၃) ရက်နေ့၌ ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းတွင် ကျင်းပပြုလုပ်သော အထူးအထွေထွေ အရပ်ရပ်အစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင် B.A, CPA, R.A, I.C.M.A Part II (London)၊ အမှတ် (၃)၊ ၁၀၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်ခန့်အပ်ရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်ရှိသူ မြီရှင်များနှင့် ကုမ္ပဏီအား ပေးရန်ရှိသူ မြီစားများသည် ဤကြေညာချက်ပါရှိသည့်နေ့မှ တစ်လအတွင်း တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်၍ ခိုင်မာတိကျသော အထောက်အထားများတင်ပြရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| Tin Pe | KYAWT MG |
| Managing Director | B.A, CPA, R.A, I.C.M.A Part II (London) |
| King Swallow Co.,Ltd | Certified Public Accountant & Auditor |

**INFINITE NETWORKS COMPANY LIMITED**

Notice Under Section 348 of The Myanmar Companies Act

And Solvency Law

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the Company held at on (28–6–2023), the resolutions that Company was wound–up voluntarily and Daw Aye Thidar [B.Com (Q), CPA] was appointed as a Liquidator were passed as Special Resolutions.

For above resolutions, all persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (7–8–2023) or before that day.

| | |
|---|---|
| Mr. Pi Wei Ping | Daw Aye Thidar |
| Managing Director | Ngwe Inzaly Audit Firm |
| INFINITE NETWORKS COMPANY LIMITED | Room.801, 50th Street Condo (AMPS), |
| | Bet; 50th x 51st Street, Bet; Maharbandoola |
| | Road & Merchant Road, Botahtaung Township, Yangon. |

ပ၊ ထ၊ န - အမှတ် ၆၄၀/၂၂/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၈၁၀/ ၇-၇-၂၀၂၃။